4

သင်ခန်းစာ (၄)

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အနိမ့်ဆုံး စံသတ်မှတ်ချက်များ

# Minimum Standards in Humanitarian Response

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

UKaid
from the British people

# သင်ခန်းစာ ရည်ရွယ်ချက်

၁။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် လိုက်နာရမည့် အနိမ့်ဆုံးစံ သတ်မှတ်ချက်များနှင့် အညွှန်းကိန်းများကို သိရှိနားလည်စေရန်၊

၂။ ထိုအညွှန်းကိန်းများကို သိရှိခြင်းအားဖြင့် ဘေးတုံ့ပြန်ခြင်းလုပ်ငန်းများကို ပိုမို ထိရောက်စွာ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်စေရန်၊

၃။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများတွင် အကာအကွယ်ပေးခြင်းသည် အရေးပါကြောင်း သိရှိနားလည်စေရန်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ကဏ္ဍ (၄) ခု

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး တွင်ပါဝင်သော ကဏ္ဍများကဏ္ဍများမှာ -

၁။ ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍ (Water, Sanitation and Hygiene) (WASH)

၂။ စားနပ်ရိက္ခာနှင့် အာဟာရကဏ္ဍ (Food and Nutrition)

၃။ နေရာထိုင်ခင်းနှင့် အမိုးအကာ ကဏ္ဍ (Site and Shelter)

၄။ ကျန်းမာရေး ကဏ္ဍ (Health)

HARP-F
Humanitarian Assistance and Resilience Programme Facility



# Water, Sanitation and Hygiene (WASH)

ရေ နှင့် ပတ်ဝန်းကျင်
သန့်ရှင်းရေး ကဏ္ဍ

HARP-F
Humanitarian Assistance and Resilience Programme Facility

# ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍတွင် ပါဝင်သောလုပ်ငန်းများ

- ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်နိုင်သည့် ပြဿနာများ ကို ဆန်းစစ်ဖော်ထုတ်ခြင်း၊
- ရေဖြန့်ဖြူးခြင်းနှင့် ရေ အရည်အသွေး ထိန်းသိမ်းခြင်း၊
- တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကောင်းမွန်ရန် ဆောင်ရွက်ခြင်း၊
- တစ်ကိုယ်ရည်သန့်ရှင်းရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေခြင်း၊
- အိမ်သာပံ့ပိုးခြင်း၊
- အမှိုက်သရိုက်၊ မစင် နှင့် အညစ်အကြေးများ စနစ်တကျ စွန့်ပစ်နိုင်ရန် စီမံခြင်း၊
- ပိုးမွှားရောဂါ ထိန်းချုပ်ခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ရေ နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ကဏ္ဍတွင် လိုက်နာရမည့် အညွှန်းကိန်းများ

- လူတစ်ဦး အသက်ရှင် ရပ်တည်နိုင်ရန်  တစ်နေ့ ရေ လိုအပ်ချက် ၂.၅ လီတာ မှ ၃ လီတာ ပေးဝေရမည်။ (သောက်ရေနှင့် အစားအစာမှရသော ရေအပါအဝင်)
- လူတစ်ဦး တစ်နေ့  ရေလိုအပ်ချက် (၇.၅) လီတာ မှ (၁၅) လီတာ ပေးဝေရမည်။ (သောက်ရေ၊ သုံးရေ အားလုံးအပါဝင်)
- ရေဖြန့်ဖြူးသည့် နေရာသို့ ရေလာယူရသည့် အဝေးဆုံး အကွာအဝေး ပေ ၁,၅၀၀ (မီတာ ၅၀၀ ) ထက် မဝေးရပါ။
- လူဦးရေ ၂၀ လျှင် အိမ်သာ တစ်လုံးနှုန်း ထားရှိ ပေးရမည်။
- အိမ်သာသည် နေထိုင်ရာနေရာနှင့် ပေ ၁၅၀ (မီတာ ၅၀) ထက် ပိုမဝေးရပါ။
- အိမ်သာသည် ရေထွက်ပင်ရင်းနှင့် အနည်းဆုံး ပေ (၅၀) အကွာအဝေးရှိရမည်။
- ရေချိုးရန်နေရာနှင့် အိမ်သာကို အမျိုးသား/အမျိုးသမီး သီးသန့် ခွဲထားပေးရမည်။



# Food and Nutrition

# စားနပ်ရိက္ခာ နှင့် အာဟာရကဏ္ဍ

HARP-F
Humanitarian Assistance and Resilience Programme Facility

# စားနပ်ရိက္ခာနှင့် အာဟာရကဏ္ဍတွင်ပါဝင်သော လုပ်ငန်းများ

- ဘေးသင့်သူများ၏ စားနပ်ရိက္ခာလိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်ခြင်း၊
- အာဟာရလိုအပ်ချက်ကြောင့် ထိခိုက်လွယ်သည့် အုပ်စုများ (ဥပမာ - ကလေးသူငယ်၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်၊ မသန်စွမ်းသူများ၊ နာတာရှည် နာမကျန်းလူနာများ) ကို သတ်မှတ်ဖော်ထုတ်၍ သင့်တင့်သော စားနပ် ရိက္ခာ ပမာဏ နှင့် အာဟာရဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရန် လုပ်ဆောင်ပေးခြင်း၊
- ဒေသ၏ စားသောက်နေထိုင်မှု ဓလေ့ အလိုက်၊ ယဉ်ကျေးမှု အလိုက် ထည့်သွင်း စဉ်းစား၍ တုံ့ပြန်ဆောင်ရွက်ခြင်း၊
- အစားသောက်များ ပြင်ဆင်ချက်ပြုတ်နိုင်ရန်  လောင်စာများ ရရှိနိုင်ရေး စီစဉ် ဆောင်ရွက်ခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# စားနပ်ရိက္ခာနှင့် အာဟာရကဏ္ဍတွင် လိုက်နာရမည့် အညွှန်းကိန်းများ

- လူတစ်ဦး တစ်နေ့အတွက် အာဟာရလိုအပ်ချက် ၂,၁၀၀ ကီလို ကယ်လိုရီ
- ကိုယ်ဝန်ဆောင်မိခင်တစ်ဦး တစ်နေ့အတွက် အာဟာရလိုအပ်ချက် ၂၁၀၀ ကီလိုကယ်လိုရီ + ထပ်ဆောင်း ၂၈၅ ကီလိုကယ်လိုရီ ၊ စုစုပေါင်း ၂,၃၈၅ ကီလိုကယ်လိုရီ
- နို့တိုက်မိခင်တစ်ဦး တစ်နေ့အတွက် အာဟာရလိုအပ်ချက်မှာ ၂၁၀၀ ကီလိုကယ်လိုရီ + ထပ်ဆောင်း ၅၀၀ ကီလိုကယ်လိုရီ ၂,၆၀၀ ကီလိုကယ်လိုရီ
- ဘေးသင့်ပြည်သူများသည် အစားအစာများ ရယူရန် ၃ မိုင် (၅ ကီလိုမီတာ) ခန့်ထက် ပို၍ လမ်းလျှောက် မသွားစေသင့်ပါ။

HARP-F
Humanitarian Assistance and Resilience Programme Facility

# အစားအသောက် ဖြန့်ဝေရာတွင် ရည်ညွှန်းကိုးကားရန်

| အမျိုးအစား | လူတစ်ဦး (၁) ရက်အတွက် | လူတစ်ဦး (၁) လအတွက် |
|---|---|---|
| ဆန် | နို့ဆီဗူး (၂) လုံး (0.5 kg) | (၈) ပြည် ခန့် (13.5 kg) |
| ပဲ | နို့ဆီဗူး ၁/၄ (60 gram) | နို့ဆီဗူး ၈ ဗူးခန့် (1.8 kg) |
| ဆီ | (၁.၈၇၅) ကျပ်သား | (၅၆.၂၅) ကျပ်သား (တစ်လီတာခန့်) |
| အိုင်အိုဒင်းဆား | (၀.၃၁၂၅) ကျပ်သား | (၁၀) ကျပ်သား ဝန်းကျင် |

- ဈေးကွက်အတွင်းရှိ ၁ တင်းခွဲ ဆန်အိတ် တစ်အိတ်လျှင် ၄၈ ကီလိုဂရမ် ရှိသည်။ (၂၄ ပြည်)
- ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့မှ ပံ့ပိုးသော ဆန်အိတ်တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ရှိရမည်ဟု သတ်မှတ်သည်။

# Site and Shelter

# နေရာထိုင်ခင်း နှင့် အမိုးအကာ ကဏ္ဍ

# နေရာထိုင်ခင်းနှင့် အမိုးအကာကဏ္ဍတွင် ပါဝင်သော လုပ်ငန်းများ

- လုံလောက်သော အမိုးအကာ ရရှိစေရန် ဆောင်ရွက်ခြင်း။
- ပတ်ဝန်းကျင်နှင့် ပြင်းထန်သော ရာသီဥတု အန္တရာယ်မှ အကာအကွယ်ပေးရန်နှင့် သက်တောင့်သက်သာ နေထိုင်နိုင်ရန် ဆောင်ရွက်ပေးခြင်း။
- အစားအစာ မဟုတ်သည့် ထောက်ပံ့ရေး ပစ္စည်းများ - အဝတ်အထည်၊ အိပ်ရာ၊ ခြင်ထောင်၊ စောင်၊ အိုးခွက်ပန်းကန်၊ မိုးကာစနှင့် ဆောက်လုပ်ရေးသုံး ကိရိယာများ ပံ့ပိုးပေးခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# နေရာထိုင်ခင်းနှင့် အမိုးအကာကဏ္ဍတွင် လိုက်နာရမည့် အညွှန်းကိန်းများ

- လူတစ်ဦးသည် အမိုးအောက်တွင်နေရန် လိုအပ်သော အကျယ်အဝန်းမှာ ၃၈ စတုရန်းပေခန့် (၃.၅ စတုရန်းမီတာ) ဖြစ်သည်။
- အမိုးအကာများ၏ ကြမ်းခင်းမှ ခေါင် အတွင်းပိုင်း အမြင့်ဆုံးနေရာထိ အကွာအဝေးမှာ ရာသီတု အေးသောနေရာဒေသများတွင် ၆ ပေ ၇ လက်မ ဝန်းကျင် (၂ မီတာ)၊ ပူနွေးသောဒေသများတွင် ၈ ပေ ၆ လက်မ ဝန်းကျင် (၂.၆ မီတာ) ရှိရန် လိုအပ်ပါသည်။
- မိုးရာသီကာလတွင် စခန်းတွင်းရေမဝပ်စေရန် အတွက် စခန်းမြေနေရာ ရွေးချယ်ရာတွင် အနည်းငယ် စောင်းနေသော မြေကို ရွေးချယ်ရန် လိုအပ်ပါသည်။

# စားနပ်ရိက္ခာမဟုတ်သော မိသားစုအသုံးအဆောင်ပစ္စည်းများ အတွက် အညွှန်းကိန်းများ

- လူတစ်ဦးအတွက် အနည်းဆုံး အဝတ် ၂ စုံ စာ ပံ့ပိုးရမည်။
- ဝတ်ဆင်မည့် သူ၏ ခန္ဓာကိုယ် အရွယ်အစား၊ ယဉ်ကျေးမှု၊ ဒေသ ရာသီဥတု၊ အထူး လိုအပ်ချက်များ (ဥပမာ - ကိုယ်ဝန်ဆောင်၊ သာသနာဝန်ထမ်း စသဖြင့်) နှင့် ကိုက်ညီရမည်။
- လူတစ်ဦးကို စောင်တစ်ထည်နှင့် ခင်းအိပ်ရန် အခင်းတစ်ခု (ဥပမာ - ဖျာ၊ မွေ့ရာ) ပေးဝေရမည်။
- ခြင်ထောင် ပေးဝေရမည်။
- ရာသီဥတု အေးသောနေရာများအတွက် စောင် အပိုနှင့် အနွေးဓာတ်ထိန်းသိမ်းရန် ပစ္စည်းများ ထပ်ဆောင်း ပံ့ပိုးရမည်။
- လူတစ်ဦးစီအတွက် ပန်းကန်၊ ခွက်၊ ဇွန်း၊ ခရင်း တစ်စုံစီ ပံ့ပိုးရမည်။
- မိသားစု တစ်စုလျှင် ချက်ပြုတ်ရန် လက်ကိုင်နှင့် အဖုံးပါသော ဟင်းချက်အိုးများ၊ စားသောက်ဖွယ်ရာ များကို ပြင်ဆင်ဆေးကြောရန် ဇလုံတစ်လုံး၊ ဓား၊ ဟင်းခပ်ဇွန်း၊ ယောက်မ စသည်တို့ကို ပံ့ပိုးရပါမည်။



# Health

# ကျန်းမာရေး ကဏ္ဍ

HARP-F
Humanitarian Assistance and Resilience Programme Facility

# ကျန်းမာရေးကဏ္ဍတွင် ပါဝင်သော လုပ်ငန်းများ

- ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ခြင်း။
- ရှေ့ဦးသူနာပြုနှင့် ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း။
- ရွေ့လျားဆေးခန်းများ၊ ဆေးရုံများဖြင့် ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း။
- ဆေးရုံ၊ ဆေးခန်းများသို့ လွှဲပို့ရန် လိုအပ်သော လူနာများအား လွှဲပို့ပေးခြင်း။
- ကျန်းမာရေး အသိ ပညာပေးခြင်း။
- ကူးစက်ရောဂါ ထိန်းချုပ်ခြင်း။
- ရုပ်အလောင်းများကို စနစ်တကျ စာရင်းပြုစု သင်္ဂြိုလ်နိုင်ရန် စီမံခန့်ခွဲခြင်း။
- ကျန်းမာရေးသုံး စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် စီမံခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ကျန်းမာရေးကဏ္ဍ တွင်လိုက်နာရမည့် အညွှန်းကိန်းများ

- လူဦးရေ ၁၀၀၀ အတွက် လူထုကျန်းမာရေးလုပ်သား  အနည်းဆုံး ၁ ဦး မှ ၂ ဦး ရှိရမည်။
- လူဦးရေ ၁၀၀၀၀ အတွက် ကျွမ်းကျင်သားဖွားဆရာမ ( ဆရာဝန်၊ သူနာပြုနှင့် သားဖွား) အနည်းဆုံး ၂၃ ဦးရှိရမည်။
- လူဦးရေ ၁၀၀၀၀ အတွက် ရွှေ့လျားဆေးခန်း ကဲ့သို့သော အခြေခံကျန်းမာရေး ယူနစ်တစ်ခု ထားရှိရမည်။
- လူဦးရေ ၅၀၀၀၀ အတွက် အခြေခံကျန်းမာရေး စင်တာတစ်ခု ထားရှိရမည်။
- လူဦးရေ ၂၅၀၀၀၀ အတွက် တိုက်နယ်ဆေးရုံကဲ့သို့သော ဆရာဝန်၊ သူနာပြုများ အချိန်ပြည့် စောင့်ရှောက်မှု ပေးနိုင်သည့် ဆေးရုံတစ်ခု ထားရှိရမည်။

HARP-F
Humanitarian Assistance and
Resilience Programme Facility



## Humanitarian Protection

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်ပေးရေး

HARP-F
Humanitarian Assistance and Resilience Programme Facility

# အကာအကွယ်ပေးရေးဆိုင်ရာ အခြေခံသဘောတရားများ

လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများဆောင်ရွက်ရာတွင် အကူအညီပေးရေးသာမက အကာအကွယ်ပေးရေး ကို လည်း ထည့်သွင်းစဉ်းစားလုပ်ဆောင်ရမည်။

**အခြေခံသဘောတရားများ**

- နောက်ထပ် ဘေးအန္တရာယ်များ ကျရောက်ခြင်းမှ ရှောင်ရှားနိုင်ရန်၊
- ဘက်မလိုက်သော အကူအညီများကို လိုအပ်သူအားလုံး ရရှိစေရန်၊
- အကြမ်းဖက်မှု နှင့် အဓမ္မစေခိုင်းမှုများ အပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများမှ အကာအကွယ်ပေးရန်၊
- အခွင့်အရေးများတောင်းဆိုခြင်း၊ နစ်နာမှုများကို ကုစားခြင်းနှင့် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိစေရေးတို့တွင် အကူအညီပေးရန်။

# သင်ခန်းစာ ပြီးဆုံးပါပြီ

**References:**


- Basics of International Humanitarian Response (BIHR), United Nation High Commissioner for Refugees (UNHCR)
- The Sphere Handbook, 2018 Edition - https://spherestandards.org
- www.humanitarianresponse.info